# အမှည့်ခြွေ

# ဂျီနိုဆိုက်

ဂျူးလူမျိုးများအား အစုလိုက်အပြုံလိုက် မီးလောင်တိုက်သွင်း သတ်ဖြတ်ခြင်းနှင့်၊ ရဝန်ဒါ နှင့် မြန်မာမှ လူမျိုးတုန်း သတ်ဖြတ်မှုများ (ဂျီနိုဆိုက်) များတွင် အမျိုးအမည်ဖော်ပြချက်ပါ သက်သေခံကတ်ပြားများ၏ အခန်းကဏ္ဍ



june 2022

FORTIFY RIGHTS

# Genocide by Attrition

## The Role of **Identity Documents** in the **Holocaust** and the **Genocides** of **Rwanda** and **Myanmar**

**Cover:**
အတူနေထိုင်သည့်မိသားစုဝင်များ၏ အသေးစိတ်အချက်အလက်များကို ဖော်ပြထားသော အိမ်ထောင်စုစာရင်း (သို့) "မိသားစုစာရင်း" ကို ကိုင်ထားသည့် ရိုဟင်ဂျာအမျိုးသားတစ်ဦး ။ လဝကအရာရှိများနှင့် နယ်ခြားစောင့်ရဲများအပါအဝင် မြန်မာ့အာဏာပိုင်များသည် ၁၉၉၀ နှစ်များကတည်းက "မိသားစုစာရင်းများ" ကို အချိန်နှင့်အညီ မွမ်းမံရန် နှင့် မိသားစုဝင်များအား ဓာတ်ပုံရိုက်ရန် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရိုဟင်ဂျာအိမ်ထောင်စုများကို နှစ်စဉ်အိမ်ထောင်စုစစ်တမ်းများ ကောက်ခံလျက်ရှိပါသည်။ ©Saiful Huq Omi, Counter Foto, Cox's Bazar District, Bangladesh, August 2019

**FORTIFY RIGHTS**

Fortify Rights သည် အားလုံးအတွက် လူ့အခွင့်အရေး ရရှိကြောင်း သေချာအောင် ဆောင်ရွက်သည့် အဖွဲ့ဖြစ်သည်။ ကျွန်ုပ်တို့သည် လူ့အခွင့် အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးပြီး၊ အဖြေများရှာရန် အခွင့် အာဏာရှိသူများနှင့် စေ့စပ်လုပ်ဆောင်ကာ လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်သူများ၊ သက်ရောက်ခံရသော လူထုများနှင့် အရပ်ဖက် လူထုတို့၏လုပ်ငန်းများအား ကောင်းအောင်ဆောင်ရွက်ပေးသည်။ မိမိတို့ အနေဖြင့် အထောက်အထား အခြေပြု သုတေသနများ၊ အမှန်တရားကို မဟာဗျူဟာကျကျ ဖွင့်ဟပြောဆိုခြင်း၏ စွမ်းအားနှင့် တစ်သီးပုဂ္ဂလများ၊ လူထု အသိုင်းအဝိုင်းများနှင့် ပြောင်းလဲမှုအတွက် တွန်းအားပေးနေသည့် ရွေ့လျားမှုများနှင့် နီးကပ်စွာ ပူးပေါင်းလုပ်ဆောင်ခြင်းစသည်တို့၏ လွှမ်းမိုး နိုင်မှုအပေါ် ယုံကြည်ပါသည်။ ကျွန်ုပ်တို့သည် အမေရိကန် ပြည်ထောင်စု နှင့် ဆွစ်ဇာလန်နိုင်ငံတို့တွင် မှတ်ပုံတင်ထားသည့် လွတ်လပ်သော၊ အကျိုးအမြတ်အတွက် မဟုတ်သော အဖွဲ့အစည်းဖြစ်ပါသည်။

!

## Warning

# Graphic Content

This report contains some images with graphic content that might not be suitable for all audiences.

- **Dead bodies**

# Table of Contents


အနှစ်ချုပ် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . 20

နည်းလမ်း (Methodology) . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . 31




# Holocaust

## 1933

### January 30

Adolf Hitler appointed German chancellor

### March 22

Nazis establish the first concentration camp in Dachau, Germany to detain political prisoners and later Jews and others. Between 1933 and 1945, Nazi Germany and its collaborators established more than 44,000 sites to detain, facilitate forced labor, and commit mass murder of Jews and others.

### April

Nazis promote a nationwide boycott of Jewish-owned businesses. Law for the Restoration of the Professional Civil Service is enacted, barring Jews from holding government positions.

### June 16

National census completed in Germany, identifying 525,000 Jews in the country—less than 0.75 percent of the population. Nazi regime later links this census data with a "marriage and family book" to develop a special racial database and a registration system, making it easier for the regime to "locate" its future Jewish victims.

### July 14

Law on the Revocation of Naturalization and Deprivation of German Citizenship strips citizenship from German naturalized citizens and German citizens residing abroad who are considered "undesirable," including Jews.

## 1935

### September 15

The Nazi regime enacts the Nuremberg Race Laws, which define "Jewishness" in terms of ancestry, prohibit marriage and sexual intercourse between Jews and Germans, and restrict citizenship to "German or kindred blood . . . that is both desirous and personally fit to serve loyally the German people and the Reich."

## 1938

### August 17

An executive order requires all Jews in Germany to add either "Sarah," if a woman, or "Israel," if a man, on all identity documents. The regime also publishes a list of "Jewish" names that parents must choose from when naming their newborns.

### October 5

All German passports held by Jews are invalidated and replaced with passports stamped with the letter "J" for "Jew."

### November 9-10

Nazis in Germany and Nazi-occupied areas carry out Kristallnacht, or the Night of Broken Glass in English, killing almost 100 Jews, destroying hundreds of Jewish synagogues, desecrating Jewish cemeteries, and looting more 7,000 Jewish-owned businesses. Later, the regime levies fines on German Jews for the destroyed property and issues a decree banning Jewish-owned businesses.

## 1939

### 1933-1939

In this period, regional, state, and municipal Nazi officials issue more than 400 decrees regulations aimed at restricting nearly all aspects of the public and private lives of Jews.

### September 1

Germany initiates World War II in Europe with the invasion of Poland. Britain and France declare war on Germany three days later.

### October

First ghetto created in Priotrków Trybunalski, Poland with Jews forced to reside in a small, designated area of the city. The Nazis created more than 1,000 ghettos throughout the occupied territories during the Holocaust to separate and isolate the Jewish population. Later, the Nazis sealed off some ghettos—including Poland's Łódź ghetto on April 30, 1940 and Warsaw ghetto on November 15, 1940, confining more than 160,000 and 350,000 Jews, respectively.

## 1941

### September 1

All Jews in Germany over six years old are ordered to wear clearly visible symbols of their identity. Yellow Star of David badges and white armbands become the two most widely used symbols. Failure to comply with this order resulted in fines, imprisonment, or summary execution.




### October 15

Mass deportations begin with German, Austrian, and Czech Jews being transported to ghettos, shooting sites, concentration camps, and killing centers primarily located in German-occupied territories. These deportations continue throughout the Holocaust with hundreds of thousands of Jews and others deported to various locations for detention, forced labor, or extermination.

### November 25

The Eleventh Decree officially ended the possibility of emigration for German Jews and legalized the confiscation of Jewish property.

### December 8

Chelmno killing center located outside of Łódź Poland begins operations as the first stationary gassing facility. Other extermination camps with gassing facilities, included Belzec, Sobibor, Chelmo, Treblinka, and Auschwitz-Birkenau. Nearly 2.7 million Jews were killed in these centers.

## 1942

### January 20

The Wannsee Conference marks the public unveiling oof the "Final Solution of the Jewish Question" with the stated goal of exterminating Europe's 11 million Jews.

## 1943-44

Ghettos are "liquidated" and residents are transferred to concentration camps and killing centers as part of the "Final Solution."

## 1944

### June 6: D-Day

Allied forces invade Normandy on the coast of northern France.

## 1945

As the allied forces advance into German-occupied territory, Nazis initiate "death marches" to evacuate the concentration camp population. Thousands die or are killed on these marches.

### May 8: V-E Day

Germany surrenders to allied forces, bringing an end to the war in Europe. By the end of the war, the Nazi regime succeeded in killing an estimated six million Jews through privation, open-air mass shootings, and in extermination camps.

### November 20

The International Military Tribunal in Nuremberg begins with 21 Nazi leaders facing charges of crimes against peace, war crimes, and crimes against humanity. Less than a year later, the tribunal sentences 12 to death, three to life imprisonment, and four to prison terms of 10 to 20 years. Three are acquitted.

## 1948

### December 9

The U.N. Convention on the Prevention and Punishment of Genocide is enacted, defining "genocide" as one or more specific acts "with intent to destroy, in whole or in part, a national, ethnical, racial or religious group."



# Rwanda

## Before 1962

Rwanda is under colonial rule, first by Germany between 1894 and 1918, then by Belgium between 1924 and 1962. Both colonial rulers rely on Tutsi monarchs to implement policies.

## 1933

Following a colony-wide census, Belgian colonial administrators introduce a national identity card that includes ethnicity, institutionalizing the now monolithic "Hutu" and "Tutsi" distinction.

## 1959

A group of Hutu intellectuals issue a manifesto calling for an end to both Tutsi exploitation and Belgian rule.

### November 1

A "Hutu Uprising" leads to anti-Tutsi massacres followed by outbreaks of inter-ethnic mass violence in the years leading up to the genocide. Hundreds of thousands of Tutsi are forced to flee Rwanda.

## 1961

### January 28

The Tutsi monarchy is abolished and replaced with a republic led by an all-Hutu provisional national government.

## 1962

### July 1

Rwanda gains independence from Belgium, and Hutu leader Gregoire Kayibanda is elected president on October 26, 1962. Kayibanda remains in power, running unopposed in subsequent elections, until he is overthrown in a coup. on July 5, 1973 by his defense minister Major General Juvénal Habyarimana.

## 1973

### July 5

Major General Juvénal Habyarimana assumes the office of the president after overthrowing Gregoire Kayibanda. Habyarimana remains in power after winning subsequent re-elections in unopposed contests.

## 1962

New national identity cards introduced but still include ethnicity.

## 1990

### October 1

The Tutsi-led Rwandan Patriotic Front (RPF) based in Uganda launches an attack on Rwanda, initiating a civil war and causing mass displacement of Rwandans.

## 1993

### August 4

The Hutu-led Rwandan government and the Tutsi-led RPF sign the Arusha Accords to end the three-year civil war. In addition to providing for a power-sharing arrangement, the establishment of a transition government, and the repatriation of refugees, the Accords include an agreement to end ethnic identification requirements.

## 1994

### April 6

Rwanda President Juvénal Habyarimana is killed when his plan is shot down over Rwanda's capital city, Kigali. The Tutsi-led RPF is accused of being responsible and, within hours of the plane crash, state-sponsored radio announcers call on Hutu "patriots" to kill Tutsi.

Over the next 100 days, Hutu perpetrators kill an estimated 75 percevnt, or 800,000 Tutsi women, men, and children. Most killings are carried out by hand, with machetes or clubs, and included other acts of violence, such as rape.

### April 30

The U.N. Security Council condemns the killings in a resolution but refuses to use the term "genocide."

### July 4

The genocide ends with the RPF taking control of Kigali, Rwanda's capital city, after securing significant parts of the country.

### July 19

A transitional government of national unity is established with Pasteur Bizimungu, a Hutu, as president and RPF leader Paul Kagame, a Tutsi, as vice president.

### November 8

The U.N. establishes the International Criminal Tribunal for Rwanda (ICTR) to "prosecute persons responsible for genocide." Over the course of its work, the Tribunal indicted 93 and issued sentences to 62 perpetrators. It also became the first tribunal to interpret the crime of genocide and conceptualize rape as a method of genocide.

## 1996

Rwanda's post-genocide government removes the "ethnic group" category from its national identity cards.

## 1998

### July 17

The Rome Statute is enacted to establish the International Criminal Court (ICC), the first permanent judicial body mandated to prosecute atrocity crimes.

## 2001

A law is introduced to prevent "divisionism" in Rwanda by making ethnic self-identification a criminal offense with penalties of up to 30 years' imprisonment and fines up to US$8,000.

## 2003

### June 27

The Organic Law of 2003 is enacted to forbid "ethnic ideology" and "genocide mentality."

## 2008

Paper identification cards are replaced with plastic electronic ones that continue to exclude racial categories. Further restrictions are put into place to prevent the use of the terms "Hutu" and "Tutsi" in public and particularly in the political sphere.



# Myanmar

## 1948

### January 4

Union Citizenship Act is enacted, under which Rohingya have equal access to citizenship and are issued National Registration Cards (NRCs). Prime Minister U Nu recognizes Rohingya as indigenous to Myanmar.

## 1962

### March 2

General Ne Win overthrows U Nu, marking the beginning of 26 years of military rule in Myanmar.

## Mid-1970s

Foreign Registration Cards are issued to some Rohingya under the Emergency Immigration Act, categorizing them as "resident foreigners" without full citizenship rights.

## 1978

### February

Operation *Naga Min* (Dragon King)—an exercise to identify and register residents in specific locations as either citizens or foreigners—devolves into violent attacks on Rohingya and the destruction of Rohingya villages, forcing more than 200,000 Rohingya into Bangladesh.

## 1982

### October 15

Myanmar passes a new Citizenship Law that effectively denies Rohingya full citizenship. Rohingya are not issued citizenship cards under the new law. Ne Win says the law was intended to "clarify the position of guests and mixed bloods" and that "only pure-blooded nationals will be called citizens."

## 1990

### May 27

Myanmar holds multiparty national elections, in which Rohingya participate. The Myanmar military fails to acknowledge the landslide victory Aung San Suu Kyi's National League for Democracy (NLD) party and puts her under house arrest.

## 1991

The Myanmar military launches Operation *Pyi Thaya* (Clean and Beautiful Nation) in Rakhine State, killing and raping Rohingya and razing Rohingya villages and mosques, forcing tens of thousands of Rohingya to Bangladesh.

## 1995

Myanmar begins issuing Temporary Registration Cards (TRCs), also known as "White Cards," to Rohingya and other minorities. The cards confer no citizenship rights but later enable Rohingya to participate in the 2010 nationwide elections.

## 2011

### March 30

The military-backed Union Solidarity and Development Party wins flawed national elections and former military general Thein Sein becomes president. Rohingya are able to participate in the election process, and Rohingya candidates are elected to parliament.

## 2012

### June

Violent incidents between Buddhists and Muslims in Rakhine State spiral into targeted, state-sanctioned attacks on Rohingya and other Muslims, ultimately displacing more than 200,000 Rohingya. More than 125,000 Rohingya and others are confined to dozens of internment camps that remain in place at the time of writing.

### Late 2012

Myanmar authorities begin a "citizenship verification" process targeting displaced Rohingya in Rakhine State and identifying them as "Bengali" or "Bengali/Islam."

## 2014

### March–April

Myanmar conducts a national census that deliberately excludes Rohingya Muslims and others.

### June 25

Myanmar authorities begin issuing Identity Cards of National Verification to Rohingya that confer no rights. Some Rohingya are coerced or forced to accept the cards.

## 2015

Myanmar authorities revoke the White Cards held by Rohingya ahead of the national elections and issue White Card receipts, which also confer no rights.

### November 8

Rohingya are barred from voting or running for office in national elections. The NLD wins in a landslide victory.

## 2016

Aung San Suu Kyi becomes the *de facto* head of state as State Counsellor. Under her administration, ICNVs are rebranded as National Verification Cards (NVCs).

### October 9

After Rohingya militant attacks on Myanmar police officers in Maungdaw and Rathedaung townships, Myanmar security forces raze dozens of villages in Maungdaw Township, killing, raping, and arresting Rohingya *en masse*, and forcing the displacement of more than 90,000 Rohingya to Bangladesh.

## 2017

### March 24

The U.N. Human Rights Council establishes the Independent International Fact-Finding Mission (FFM) on Myanmar to investigate human rights violations and abuses in Rakhine, Kachin, and Shan states. The Myanmar government refuses to cooperate with the mechanism.

### August 25

In response to further Rohingya militant attacks on police outposts, the Myanmar military kills thousands of Rohingya civilians, razes hundreds of villages, and commits other atrocities throughout northern Rakhine State. More than 745,000 Rohingya flee to Bangladesh.

## 2018

### September 6

International Criminal Court (ICC) finds that it has jurisdiction over the alleged deportation of Rohingya from Myanmar to Bangladesh. The Office of the Prosecutor subsequently initiates an investigation, which is ongoing at the time of writing, into crimes committed by the Myanmar military.

### September 18

The FFM releases a 444-page report cataloging Myanmar military-led atrocity crimes in Myanmar and calls for the ICC or an international criminal tribunal to investigate and prosecute Myanmar security forces for genocide, war crimes, and crimes against humanity against Rohingya, Kachin, Shan, and others.

## 2019

### November 11

The Gambia brings a case against Myanmar at the International Court of Justice (ICJ) alleging violations of the Genocide Convention. The ICJ subsequently issues legally binding "provisional measures of protection" for Rohingya. This case is currently ongoing at the the time of writing.

### November 13

Under the principle of universal jurisdiction, the Burmese Rohingya Organization U.K. and Latin American human rights groups file a petition in an Argentinian court to open a criminal investigation into Myanmar's atrocity crimes against Rohingya. The judiciary has subsequently initiated an investigation and the case is currently ongoing at the time of writing.

## 2020

### November 9

The NLD wins re-election in Myanmar's second democratic election. Rohingya are again denied the right to participate in the election process.

## 2021

### February 1

Rejecting the election results, Senior General Min Aung Hlaing launches a military coup and detains State Counsellor Suu Kyi and others, declaring himself the head of the junta's State Administration Council (SAC) the following day.

Following the coup, tens of millions of people in Myanmar join protests and strikes in opposition to junta rule. In its effort to crush the opposition, the junta kills more than 1,500 civilians, detains at least 12,000, disappears untold numbers of people, and forcibly displaces more than 440,000 during the first year of the coup.

### April 16

The Committee Representing Pyidaungsu Hluttaw (CRPH)—a group of elected Myanmar parliamentarians who evaded arrest during the coup—establishes the National Unity Government (NUG) of Myanmar to serve as the legitimate elected government.

### June 3

NUG announces its commitment to "abolishing" the NVC process. The NUG further commits to ensuring citizenship based "on birth in Myanmar or birth anywhere as a child of Myanmar citizens."

## 2022

### July 17

NUG submits a declaration to the International Criminal Court (ICC) delegating jurisdiction to the Court to address mass-atrocity crimes committed in Myanmar.

### March 22

The U.S. government concludes that the Myanmar military is responsible for committing genocide against the Rohingya people, marking the eighth time since the Holocaust that the U.S. has recognized a genocide.

# Map of Rakhine State



# Map of Europe in 1933



# Map of Rwanda







ဘင်္ဂလားဒေ့ရှ်တောင်ဖက် Cox’s Bazar ခရိုင်အရောက်တွင် စပါးခင်းများနှင့် ရေလွှမ်းမြေများကို ဖြတ်လျှောက်နေ သော မြန်မာပြည်မှ ရိုဟင်ဂျာဒုက္ခသည်များ။ Patrick Brown ©Panos/ UNICEF 2018




နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကဒ် (NVC) - မြန်မာနိုင်ငံရှိ ရိုဟင်ဂျာများကို "နိုင်ငံခြားသားများ" ဟု ခွဲခြားသတ်မှတ်ပြီး မည့်သည့် အခွင့်အရေးမှ ပေးအပ်ခြင်းမရှိသည့် သက်သေခံမှတ်တမ်း။ ဤကဒ်သည် အရောင်အားဖြင့် အပြာနု (ဖျော့)ရောင် ဖြစ်ပြီး အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားသည်မှာ "ဤသက်သေခံ ကတ်ပြားကိုင်ဆောင် ခြင်းဖြင့် နိုင်ငံသား ဖြစ်ကြောင်း သက်သေခံ အလျဉ်း မဖြစ်စေရ" ဟုပင်ဖြစ်သည်။ ©Greg Constantine

# အနှစ်ချုပ်

ဂျီနိုဆိုက်သည် လူမျိုးဝိသေသလက္ခဏာ (identity) ကို အခြေခံသော နိုင်ငံတကာ ရာဇဝတ်မှု တစ်ခုဖြစ်သည်။ ဤအရာကို နိုင်ငံသား၊ တိုင်းရင်းသား၊ လူမျိုးစု (သို့) ဘာသာရေး အုပ်စုတစ်ခုခုအား တစ်စိတ်တစ်ဒေသဖြစ်စေ၊ တစ်ခုလုံးဖြစ်စေ ဖျက်စီးရန်ရည်ရွယ်ချက်ဖြင့် ကျူးလွန်သော လုပ်ရပ် (သို့) လုပ်ရပ်များအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုပါသည်။

ဂျီနိုဆိုက်ကျူးလွန်သူများသည် ခွဲခြားဆက်ဆံခြင်း၊ လူ့ဂုဏ်သိက္ခာကျစေခြင်းနှင့် လုံခြုံမှုရှိနေသည့် အုပ်စုများအပေါ် အစုလိုက်အပြုံလိုက် အကြမ်းဖက်ခြင်းများကို ပြုလုပ်ရန် လူမျိုး၊အမည်စသော Identification ပါ မှတ်တမ်းများကို နှစ်ရှည်လများစွာ အသုံးပြုခဲ့ကြပါသည်။ ရက်စက်ယုတ်မာသည့် ရာဇဝတ်မှုများ ခွဲခြမ်းစိတ်ဖြာခြင်းဆိုင်ရာ မူဘောင် ၌ ဂျီနိုဆိုက်ကာကွယ်တားစီးခြင်းဆိုင်ရာ ကုလသမဂ္ဂရုံးသည် "လူမျိုးဝိသေသလက္ခဏာ (identity) အား နိုင်ငံရေး အသွင်ဆောင်မှုများတိုးမြင့်လာခြင်း" နှင့် ကာကွယ်မှုခံယူထားရသည့် အုပ်စုများအပေါ် ပစ်မှတ်ထား ခွဲခြားဆက်ဆံရေး "စီမံဆောက်ရွက်မှု (သို့) ဥပဒေပြဌာန်းမှုများ" သည် ရက်စက်ယုတ်မာသည့် ရာဇဝတ်မှုများကို ကျူးလွန်ရန် အခြေအနေတစ်ရပ်ကို ဖန်တီးရာ၌ နည်းပြ၊ လမ်းညွှန်များအဖြစ် ဆောင်ရွက်ကြောင်း တွေ့ရှိထားပါသည်။ ဂျီနိုဆိုက်ကျူးလွန်သည့် နိုင်ငံများသည် ပစ်မှတ်ထားသည့် အုပ်စုများကို ဖြိုခွင်းဖျက်စီးရာတွင် အဆင်ပြေချောမွေ့စေဖို့ ဥပဒေကြောင်းနှင့် အုပ်ချုပ်ရေးဆိုင်ရာ အချက်အလက်များကို မကြာခဏဆိုသလို အသုံးပြုလေ့ ရှိကြသည်။ ဤသည်မှာ ဂျူးပြည်သူများကို အစုလိုက်အပြုံလိုက် မီးလောင်တိုက်သွင်း သတ်ဖြတ်ခြင်း (Holocaust)၊ တူဆီ (Tutsi) ပြည်သူများအပေါ် ကျူးလွန်ခဲ့သည့် Rwanda ဂျီနိုဆိုက်တို့နှင့် အလားတူ ကိစ္စရပ်ဖြစ်သလို မြန်မာနိုင်ငံရှိ ရိုဟင်ဂျာပြည်သူများအပေါ် ကျူးလွန်ဆဲ ဂျီနိုဆိုက်နှင့်လည်း အလားတူပင် ဖြစ်ပါသည်။

ဤအစီအရင်ခံစာသည် အဆိုပါ ဂျီနိုဆိုက် ၃ ခုကို နှိုင်းယှဉ်လေ့လာခြင်းနှင့် နိုင်ငံတကာရာဇဝတ်မှု ဂျီနိုဆိုက်ကို ကျူးလွန်ရန် လူမျိုး၊ အမည်ဖော်ပြချက် identification ပါ မှတ်တမ်းများအား အသုံးပြုခြင်းတို့ကို တင်ပြပြီး ရခိုင်ပြည်ရှိ ရိုဟင်ဂျာပြည်သူများကို ဆက်လက် ပစ်မှတ်ထားလျက်ရှိသော မြန်မာ့စစ်အာဏာသိမ်းအုပ်စုနှင့် ပတ်သက်၍ သတင်းအချက်အလက်အသစ် များကို လည်း တင်ပြထားပါသည်။

အခန်း - ၁ သည် Holocaust၊ Rwanda ဂျီနိုဆိုက်နှင့် မြန်မာနိုင်ငံရှိ ရိုဟင်ဂျာ ဂျီနိုဆိုက်များတွင် identification သက်သေခံမှတ်တမ်းများ၏ အဓိက အခန်းကဏ္ဍကို စီစစ်တင်ပြထားပါသည်။ ဤ လေ့လာချက်များသည်




ကဒ်ကိုင်ဆောင်သူသည် ဂျူးဖြစ်ကြောင်း ခွဲခြားသတ်မှတ်ရန် "J" ဟုသောစာလုံးကို တံဆိပ်ခတ်နှိပ်ထားသည့် နာဇီထုတ် Kennkarte သက်သေခံကဒ်။ နာဇီအစိုးရသည် ဗျူရိုကရေစီအရ ဂျိနိုဆိုက်ကို ဖြစ်စေခဲ့သော Kennkarte ကို စစ်ရေး၊ လူမျိုးရေးနှင့် လုံခြုံရေးဆိုင်ရာ ထိန်းချုပ်မှုများအတွက် နည်းလမ်းတစ်ရပ်သဖွယ် အသုံးပြု ခဲ့သည်။ ©United States Holocaust Memorial Museum, courtesy of Ellen Zweig, January 24, 1939




ရဝန်ဒါ သက်သေခံစာရွက်များသည် လူပုဂ္ဂိုလ်၏ လူမျိုးအမည်ကို အဓိက ဖော်ပြသည်။ © Howard Davies CORBIS via Getty



ဂျာမနီနိုင်ငံ Dachau အကျဉ်းစခန်းရှိ မီးသင်္ဂြိုဟ်စက်နောက်တွင် ပုံထားသည့် အလောင်းများကို ဖယ်ရှားနေသော ဂျာမန်ပြည်သူများအား ကြည့်ရှုနေသည့် အမေရိကန်စစ်သားတစ်ဦး။ ©United States Holocaust Memorial Museum, 194

identification သက်သေခံမှတ်တမ်းများမှ ပစ်မှတ်ထားပြည်သူ အမြောက်အများကို စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် ဗျူရိုကရက်တစ်ဆန်စွာ ခွဲထုတ်၊ ကွပ်မျက်၊ သတ်ဖြတ်နိုင်စေခဲ့ပုံကိုလည်း တင်ပြထားပါသည်။ ထို့ကြောင့် အချိန်ကိုဆွဲဆန့်ပြီး သွယ်ဝိုက် ဖျက်စီးခြင်းနည်းလမ်းများမှ တဆင့် လုံခြုံမှုရှိရမည့် အုပ်စု၏ အင်အားကို လျှော့ချခြင်းအားဖြင့် ၎င်းတို့ကို တဖြည်းဖြည်းချင်း ဖျက်စီးခြင်းမည်သော "အမှည့်ခြွေ ဂျီနိုဆိုက်"သည် ယခင်ဂျီနိုဆိုက်များအား ကောင်းစွာ သဘောပေါက်ပြီး နောင်လာမည့် ဂျီနိုဆိုက်များကို တားဆီးနိုင်ရန် ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် အလေးအနက်ထားရမည့် ကိစ္စဖြစ်ပါသည်။

ဥပမာ၊ ဂျူးလူမျိုးဟူ၍ ကနဦးသတ်မှတ်ပြီး မှတ်ပုံတင်မှုများမရှိခဲ့လျှင် လူပေါင်းများစွာကို ယခုကဲ့သို့ မြန်ဆန်စွာ အစုလိုက်အပြုံလိုက် မီးလောင်တိုက်သွင်း သတ်ဖြတ်မှု Holocaust သည် ထောက်ပံ့ပို့ဆောင်ရေး စီမံဖွဲ့စည်းမှုအရ ဖြစ်ပေါ် နိုင်ခဲ့လိမ့်မည် မဟုတ်ပေ။ နာဇီတို့၏ တရားဝင်သတ်မှတ်ဖော်ပြချက် identification ဖြစ်စဉ်များနှင့် မှတ်တမ်းအချက်အလက်များကို အသုံးပြုခြင်းဖြစ်စဉ်သည် ဂျူးလူမျိုးများအား နိုင်ငံသားဖြစ်မှုမှ ဖယ်ရှားခြင်း၊ ၎င်းတို့ပိုင်ပစ္စည်းများကို သိမ်းယူခြင်း၊ နေရာအရ ဂျူးရပ်ကွက်များနှင့် camp စခန်း များတွင်သာ နေထိုင်စေခြင်းနှင့် အဆုံးတွင် အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်းများကိုပါ ပြုလုပ်စေနိုင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် ဟစ်တလာ၏ နာဇီအစိုးရသည် နာဇီများနှင့် ၎င်းတို့ မဟာမိတ်တို့မှ ထိန်းချုပ်ခဲ့ကြသည့် ဥရောပနယ်မြေရှိ ဂျူးလူမျိုးအားလုံး၏ သုံးပုံ နှစ်ပုံဖြစ်သော ဂျူးလူဦးရေ ၆ သန်းခန့်ကို သတ်ဖြတ်နိုင်ခဲ့သည်။ အဆိုပါသတ်ဖြတ်မှုသည် လုံလောက်သော အစားအစာ၊ ရေ၊ နေရာထိုင်ခင်းနှင့် ကျန်းမာရေးအစောင့်အရှောက်များကို စနစ်တကျငြင်းပယ်ခြင်း၊ အခြေခံစားဝတ်နေရေးကင်းမဲ့မှု၊ ပြင်ပဟင်းလင်းပြင်၌ အစုလိုက်အပြုံလိုက်ကို ပစ်သတ်မှုနှင့် Belzec, Sobibor, Treblinka နှင့် Auschwitz-Birkenau များအပါအဝင် ဓာတ်ငွေ့လှောင့် ကိရိယာများတပ်ဆင်ထားသည့် သုတ်သင်ရှင်းလင်းရေးစခန်းများမှ တဆင့် ဖြစ်ပေါ် ခဲ့ခြင်းဖြစ်ပါသည်။

အမျိုး၊ အမည်သတ်မှတ်ချက်ပါ မှတ်တမ်းများသည် Rwanda သမ္မတ Juvénal Habyarimana နှင့် Burundi သမ္မတ Cyprien Ntaryamira တို့ စီးနင်းလိုက်ပါရာ လေယာဉ်ကိုပစ်ချကာ ဟူတူခေါင်း ဆောင် ၂ ဦးကို သေဆုံးစေခဲ့ပြီးများမကြာမီတွင် စတင်ခဲ့သော Rwanda ဂျီနိုဆိုက် ဖြစ်ပေါ်ရာတွင်လည်း အလားတူ အထောက်အပံ့ပြု ကူညီခဲ့ပါသည်။ ကနဦးအစီအရင်ခံချက်များက တူဆီ (Tutsi)ဦးဆောင်သော သူပုန်အဖွဲ့ကို အဆိုပါ သတ်ဖြတ်မှုအတွက် တာဝန်ရှိ




ဂျာမန်ဘာသာဖြင့် ဂျူးဟုအဓိပ္ပာယ်ရသော Jude ကို ရေးသားထားသည့် ဒါဝိဒ်၏ အဝါရောင် ကြယ်တစ်ခု။ Holocaust အတွင်းတွင် ဂျူးများသည် ၎င်းတို့၏ ဂျူး identity ကို ဖြင့်သာသည့် သင်္ကေတအဖြစ် ဤတံဆိပ်များကို ဝတ်ဆင်ရန် အမိန့်ပေးခြင်းခံခဲ့ရသည်။
©United States Holocaust Memorial Museum,
circa 1941-1945



၁၉၉၄ ခုနှစ် ဧပြီလ ရဝမ်ဒါ နိုင်ငံ Rukara ရှိ ကက်သလစ် ဘုရားကျောင်းတစ်ခု၏ ဆင်ဝင်ဆောင် အတွင်း၌ တူစီ (Tutsi) လူအစုလိုက် အပြုံလိုက်သတ်ဖြတ်မှုတွင် သားကောင် ဖြစ်ခဲ့ရသူများ၏ ရုပ်အလောင်းများ။ ©Jack Picone, 1994

ကြောင်း စွပ်စွဲခဲ့ပြီး လေယာဉ်ပျက်ကျ၍ နာရီပိုင်းအတွင်းတွင် နိုင်ငံပိုင်ရေဒီယိုမှ သတင်းကြေညာသူများက နိုင်ငံ့လူဦးရေ၏ ၁၄ ရာနှုန်းခန့်ရှိ ၎င်းအချိန် ၇.၉ သန်း ခန့်ရှိသော Tutsi လူနည်းစုများကို သတ်ဖြတ်ရန် Hutu "မျိုးချစ်"များကို ဆော်သြခဲ့ကြသည်။ Hutu ကျူးလွန်သူများသည် တချို့အကြောင်းခြင်းရာ များတွင် ကိုင်ဆောင်သူများ၏ လူမျိုး၊ အမည်ဖော်ပြချက်ပါ Rwanda အမျိုးသားစီစစ်ရေးကဒ်များကို အဆိုပါသတ်ဖြတ်မှုများပြုလုပ်ရန် အသုံးပြုခဲ့ကြသည်။ ဥပမာ၊ Hutu စစ်သွေးကြွများသည် မြို့ပြနေရာများတွင် အတားအဆီးများချထားပြီး ဖြတ်သန်းသွားလာသူများကို အမျိုးသားစီစစ်ရေးကဒ် (National Identification Card)များကို ပြခိုင်းကာ Tutsi ဟုသတ်မှတ်ဖော်ပြချက်ပါ ကဒ်ကိုင်ဆောင်သူများနှင့် ကဒ်မပါရှိသူများကို အစုလိုက် အပြုံလိုက်သတ်ဖြတ်ခဲ့ကြသည်။ ရက်ပေါင်း ၁၀၀ အတွင်း Hutu ကျူးလွန်သူများသည် Tutsi ၏ လူဦးရေ၏ ခန့်မှန်းခြေ ၇၅% ခန့် (သို့) အကြမ်းဖျင်းအားဖြင့် ယောက်ျား၊ မိန်းမနှင့် ကလေးသူငယ်ပေါင်း ၈၀၀,၀၀၀ ကို သတ်ဖြတ်ခဲ့ကြသည်။ သတ်ဖြတ်မှုအများစုကို လက်၊ ဓားမများ (သို့) တင်းပုတ်များဖြင့် ပြုလုပ်ခဲ့ကြပြီး တခြား မုဒိမ်းမှုကဲ့သို့သော အကြမ်းဖက်မှုများလည်း ပါဝင်ခဲ့ပါသည်။

၁၉၃၀ နှစ်များ နှင့် ၁၉၄၀ နှစ်များကာလရှိ ဂျာမနီနှင့် တခြား ဥရောပရှိ ဂျူးများနှင့် ၁၉၉၀ နှစ်များရှိ Rwanda မှ Tutsi များကဲ့သို့ မြန်မာစစ်တပ်နှင့် ယခင်အစိုးရအာဏာပိုင်များသည် မြန်မာနိုင်ငံ အနောက်ဖက် တိုင်းရင်းသားလူနည်းစု တစ်ခုဖြစ်သည့် ရိုဟင်ဂျာလူမျိုးများအပေါ် နိုင်ငံတကာ ရာဇဝတ်မှုများကို ကျူးလွန်ရန် လူမျိုး၊ အမည်ဖော်ပြချက်ပါ identification မှတ်တမ်းများအပေါ် မှီခိုဆဲဖြစ်ပါသည်။ ဤရာဇဝတ်မှုများသည် ရိုဟင်ဂျာအရပ်သားပြည်သူများ အပေါ် မြန်မာစစ်တပ်မှ နေရာအနှံ့ဦးဆောင် တိုက်ခိုက်မှုများ ဖြစ်ပွားချိန် ၂၀၁၆ နှင့် ၂၀၁၇ တွင် အဓိက ရုပ်လုံးပေါ် လာခဲ့သည်။ စစ်သားများသည် ယောက်ျား၊ မိန်းမနှင့် ကလေးများကို အစုလိုက်အပြုံလိုက်တိုက်ခိုက်ခဲ့ခြင်း၊ လူပေါင်းများစွာ အပေါ် မုဒိမ်းမှုကျူးလွန်ခြင်း၊ ရာချီသော ရွာပေါင်းများစွာကို မီးရှို့ခြင်းနှင့် အခြား ရိုဟင်ဂျာ ဒုက္ခသည် ၂၅,၀၀၀ ကျော် ရောက်ရှိလာခဲ့ပြီး ညစ်ပတ်ပေရေသည့် အခြေအနေတွင် နေထိုင်နေရသော ဘင်္ဂလာဒေ့ရှ်နိုင်ငံသို့ ရိုဟင်ဂျာ ၇၀၀,၀၀၀ ကျော်ကို အတင်းအဓမ္မ စွန့်ခွာထွက်ပြေးစေခြင်း တို့ကို ပြုလုပ်ခဲ့ပါသည်။ မြန်မာ့အာဏာသိမ်းအုပ်စုသည် နောက်ထပ် ရိုဟင်ဂျာ ၁၂၅,၀၀၀ ကို ၂၀၁၂ ခုနှစ်တွင် မြန်မာအာဏာပိုင်များက ရခိုင်ပြည်နယ်တွင်တည်ဆောက်ထားသော ခေတ်မီ အကျဉ်းစခန်းဖြစ်သော ထိမ်းသိမ်းရေးစခန်း ၂၀ ကျော်တွင် ကန့်သတ်ပိတ်လှောင်ထားဆဲ ဖြစ်ပါသည်။

ပြီးခဲ့သည့် ရာစုနှစ်ဝက်စာခန့် မြန်မာနိုင်ငံရှိ ပြည်ထောင်စုနှင့် ပြည်နယ်အဆင့် ခွဲခြားဆက်ဆံရေးဥပဒေ၊ မူဝါဒများနှင့် ကျင့်ထုံးများသည် ရိုဟင်ဂျာလူမျိုးများကို ဘေးဖယ်ပထုတ်ပြီး လူ့ဂုဏ်သိက္ခာမဲ့စေခဲ့သည်။ ဥပမာ၊ ၁၉၈၂ တွင် မြန်မာသည် ရိုဟင်ဂျာလူမျိုးများအား နိုင်ငံသားအခွင့်အရေးတန်းတူရရှိမှုကို ငြင်းပယ်ပြီး နိုင်ငံနယ်နမိတ် တစ်ခုတည်းအတွင်း ကမ္ဘာ့အများဆုံး နိုင်ငံမဲ့လူဦးရေကို ဆထက်တပိုး ဖြစ်ပေါ်စေခဲ့သော ဥပဒေတစ်ရပ်ကို ပြဌာန်းခဲ့သည်။ ကနဦး ဂျီနိုဆိုက်ဆိုင်ရာ လူ့အခွင့်အရေးချိုးဖောက်မှုများ နောက်ဆက်တွဲတွင် လွတ်လပ်စွာသွားလာခွင့်၊ ပညာရေး၊ ကျန်းမာရေး အစောင့်အရှောက်ရရှိမှုနှင့် သက်မွေးဝမ်းကြောင်းများကို တားမြစ်ပိတ်ပင်ခြင်း တို့ပါဝင်ပါသည်။ ထိုကဲ့သို့ ခွဲခြားဆက်ဆံသည့်ဥပဒေ၊ မူဝါဒနှင့် ကျင့်ထုံးများသည် ရိုဟင်ဂျာမြောက်များစွာအပေါ် ညှဉ်းပန်းစော်ကားမှုနှင့် များမြောင်လှသော အစုလိုက်အပြုံလိုက်ရက်စက် ယုတ်မာမှု အန္တရာယ်ကို ဖြစ်ပေါ်စေခဲ့သည်။

၂၀၁၆နှင့် ၂၀၁၇ ရိုဟင်ဂျာအရပ်သားပြည်သူများအပေါ် မြန်မာစစ်တပ်ဦးဆောင်သည့် တိုက်ခိုက်မှု အပြီးတွင် Fortify Rights၊ UN အချက်အလက်ရှာဖွေရေးမစ်ရှင် ၊ ထို့နောက် UN အထူးကိုယ်စားလှယ်များနှင့် US အစိုးရ အပြင် အစိုးရများအပါအဝင် တခြားအဖွဲ့အစည်းများက အဆိုပါတိုက်ခိုက်မှုသည် ဂျီနိုဆိုက်ရာဇဝတ်မှု မြောက် ကြောင်း ဆုံးဖြတ်ခဲ့ကြသည်။ ယခင် ဂျီနိုဆိုက်များကဲ့သို့ တဖြည်းဖြည်းချင်း ပျက်စီးစေလိုသည့် သဘောဖြင့် identity မှတ်တမ်းများကို အသုံးပြုခြင်းသည် ဂျီနိုဆိုက်၏ အခန်းကဏ္ဍတစ်ခု အဖြစ်ပါဝင်ပြီး အနာဂါတ် ရာဇဝတ်မှုများကို တားစီးနိုင်ရေးအတွက် ဖြေရှင်းရမည့် ကိစ္စဖြစ်ပါသည်။

ဤအစီအရင်ခံစာ၏ အခန်း-၂ သည် ၂၀၂၁ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စတင်ခဲ့သော မြန်မာနိုင်ငံရှိ အထ'မ'မြောက် သည့် ဆိုးဝါးသော စစ်အာဏာသိမ်းမှုဖြစ်ပြီးကတည်းက မြန်မာ့အာဏာသိမ်းစစ်အုပ်စုမှ ရိုဟင်ဂျာတို့၏ တည်ရှိမှု ကို ငြင်းပယ်လျက်ရှိပုံနှင့် ရိုဟင်ဂျာတို့အား မည်သည့်အခွင့်အရေးမှ ပေးမထားသည့်အပြင် ရိုဟင်ဂျာများအား နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကဒ်ပြား (NVC - National Verification Card) ကို လက်ခံရန် အတင်းအကျပ် ဖိအားပေးခိုင်းစေလျက်ရှိပုံကို ဖော်ထုတ်တင်ပြထားပါသည်။

အာဏာသိမ်းပြီးချိန်မှစ၍ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သော မြန်မာ့စစ်တပ်သည် နိုင်ငံအနှံ့ပြည်သူ ထောင်ပေါင်းများစွာကို သတ်ဖြတ်ပြီးထောင်ချခဲ့သလို တစ်ဖက်တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း များနှင့် စစ်တပ်၏တိုက်ခိုက်မှုကို ကာကွယ်ရန် ဖွဲ့စည်းခဲ့ကြသည့် အရပ်သားဦးဆောင်သော စစ်တပ် PDF (ပြည်သူ့ကာကွယ်ရေးတပ်)များကို အရှိန်မြင့်တိုက်ခိုက်လျက်ရှိပါသည်။

အဆိုပါတိုက်ခိုက်မှုများပြုလုပ်နေစဉ် နိုင်ငံအတွင်းကျန်ရှိနေသည့် ရိုဟင်ဂျာ ၆၀၀,၀၀၀ ကျော်နေထိုင်ရာ မြန်မာနိုင်ငံ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများက "ရိုဟင်ဂျာ"ဟု သတ်မှတ်ခေါ်ဆိုခြင်းကို တားမြစ်ရန် အာဏာသိမ်းစစ်အုပ်စုမှ NVC ကဒ်များအသုံးပြုနေကြပုံကို Fortify Rights အားပြောကြားခဲ့သည်။ ၎င်းအစား အာဏာသိမ်းစစ်အုပ်စုက ရိုဟင်ဂျာ များသည် ဘင်္ဂလားဒေ့ရှ်မှ ခိုးဝင်လာသူများဖြစ်သည်ဟုသော အန္တရာယ်ကြီးသည့် လိမ်လုံးတစ်ခုကို လောင်စာ အဖြစ် အသုံးပြုလျက် "ရိုဟင်ဂျာ"ကို "ဘင်္ဂလီ" (သို့) အခြားနိုင်ငံသား identity အဖြစ် ခွဲခြားသတ်မှတ်ကြသည်။



မြန်မာနိုင်ငံမှ ထွက်ပြေးရန်ကြိုးစား ရင်း နတ်(Naf) မြစ် တွင် လှေမြှုပ်သွား သောအခါ သေဆုံးခဲ့ သည့် ရိုဟင်ဂျာ ကလေးငယ်များနှင့် လူကြီးများအား ဘင်္ဂလားဒေ့ရှ်နိုင်ငံ Cox's Bazar ခရိုင် တွင် မြေမြှုပ်ပေးနေ သော ရိုဟင်ဂျာ ဒုက္ခသည်များ။ Patrick Brown ©Panos/ UNICEF 2018



ဘင်္ဂလားဒေ့ရှ်နိုင်ငံ Cox's Bazar ခရိုင်၊ Balukhali စခန်းရှိ အကူအညီပစ္စည်းများဖြန့်ဝေရာ နေရာတွင် တန်းစီနေသော ရိုဟင်ဂျာ ဒုက္ခသည်များ ။
©Panos/UNICEF 2018



၁၉၉၄ ခုနှစ် ရဝန်ဒါနိုင်ငံ Rukara ရှိ ကတ်သလစ် ဘုရားကျောင်း အပြင်ဖက်တွင် ကျန်ရစ်ခဲ့သော အစုလိုက်အပြုံလိုက်အသတ်ခံခဲ့ရသည့် တူဆီ လူမျိုးများ၏ ပုပ်သိုးပျက်စီးနေသော အလောင်းများ။ ©Jack Picone, 1994

အာဏာသိမ်းအုပ်စုသည် ရိုဟင်ဂျာလူမျိုးများအား အခြေခံလူ့အခွင့်အရေးများရရှိကျင့်သုံးမှု တားမြစ်ရန် ပြည်သူများအပေါ် ညာတာမှုကင်းမဲ့သည့် ကန့်သတ်ချက်များကို အတိုးချ ချမှတ်ပြီး ရိုဟင်ဂျာပြည်သူများအား ချေမှုန်းဖျက်စီးရေး campaign များကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ဥပမာ၊ Fortify Rights မှရရှိခဲ့သည့် ၂၀၂၃ နိုဝင်ဘာ ၂၅ တွင် ဘူးသီးတောင် မြို့နယ်ရှိ စစ်ကောင်စီ၏ အထွေထွေအုပ်ချုပ်ရေးဌာနမှ ထုတ်ပြန်ခဲ့သော ပေါက်ကြားလာသည့်အုပ်ချုပ်ရေးဆိုင်ရာ အမိန့်စာတစ်ခုတွင် "ဘင်္ဂလီ (ရိုဟင်ဂျာ)လူမျိုးများသည် တရားဝင်ခွင့်ပြုချက်ရပြီးမှသာ ခရီးသွားနိုင်" ပြီး အမိန့်ကို ချိုးဖောက်ခဲ့လျှင် "တည်ဆဲဥပဒေအရ ပြင်းထန်စွာအရေးယူခြင်း" ခံရမည်ဟု ဖော်ပြပါရှိကာ ဒေသနေ ရိုဟင်ဂျာများ၏ လွတ်လပ်စွာ ခရီးသွားလာခွင့်ကို တားမြစ်သည့် နှစ်ကာလရှည်ကြာလျက်ရှိသော ကန့်သတ်ပိတ်ပင်ချက် များကို ထပ်လောင်းထုတ်ပြန်ချမှတ်ခဲ့သည်။

အခြားဂျီနိုဆိုက်များကဲ့သို့ မြန်မာစစ်တပ်သည် အဆိုပါပိတ်ဆို့မှုများကို အမျိုးသားလုံခြုံရေး ခေါင်းစဉ်တပ်ပြီး တရားမျှတကြောင်းပြရန် ကြိုးပမ်းလျက်ရှိပါသည်။ ဥပမာ၊ အထက်တွင်ဖော်ပြခဲ့သော အမိန့်သည် "မြို့နယ်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးမှု"ကို ကာကွယ်ရန် ဘင်္ဂလီလူမျိုးများအား ကန့်သတ်ပိတ်ပင်ရန် လိုအပ်ကြောင်း ဖော်ပြသည်။

နှစ်အနည်းငယ်ခန့်ကြာအောင် identification သက်သေခံမှတ်တမ်းများနှင့် နိုင်ငံတကာ ရာဇဝတ်မှုများအကြား ဆက်စပ်မှုရှိကြောင်း ကောင်းစွာအသိအမှတ် ပြုထားပြီးဖြစ်ပါတယ်။ သို့သော် ရိုဟင်ဂျာအပေါ် ဂျီနိုဆိုက်တိုက်ခိုက်မှုများ ကျူးလွန်နေချိန်ကာလအတွင်း၌ပင် မြန်မာနိုင်ငံရှိ တချို့ UN အရာရှိများ၊ သံရုံးများနှင့် အခြားအဖွဲ့အစည်းများသည်ရိုဟင်ဂျာများအား ပစ်မှတ်ထားသည့် NVC အသုံးပြုမှုကို ရှုံ့ချရန် ပျက်ကွက်ခဲ့သလို တချို့ကိစ္စများတွင် ရိုဟင်ဂျာ "နိုင်ငံမဲ့မှု" အတွက် လက်တွေ့ဆန်သည့် ဖြေရှင်းချက်တစ်ရပ်အဖြစ် NVC ကို ပေါ်ပေါ်ထင်ထင်အားပေး ထောက်ခံခဲ့ကြသေးသည်။

သို့ရာတွင် ၂၀၂၁ ဖေဖော်ဝါရီ ၁ ရက် အာဏာသိမ်းမှုအပြီး မြန်မာ့စစ်တပ်၏ ကြမ်းကြုပ် ရက်စက်မှုကို ကနဦးကြုံတွေ့ခဲ့ရပြီးနောက် အရပ်သားပြည်သူအပေါင်းတို့သည် ပိုမိုပွင့်လင်းလာကြပြီး ရိုဟင်ဂျာလူမျိုးများကို လက်ခံကာ ရခိုင်ပြည်တွင် ၎င်းတို့ကြုံခဲ့ရသည့် ရက်စက်ယုတ်မှုများနှင့် ပတ်သက်၍ ပိုမို သိရှိနားလည်လာသည့် အသွင်သဏ္ဍာန် လက္ခဏာများကို ပြသခဲ့ကြသည်။

NVC ဖြစ်စဉ်အပါအဝင် ရိုဟင်ဂျာများကို ဆိုးကျိုးသက်ရောက်လျက်ရှိသည့် ခွဲခြားဆက်ဆံရေးဥပဒေ၊ မူဝါဒနှင့် ကျင့်ထုံးများအပေါ် သည်းခံနိုင်မှုမှာလည်း အားပျော့လာခဲ့သည်။ အထူးသဖြင့် အာဏာသိမ်းမှုအပြီး ဖမ်းဆီးမှုကို ရှောင်တိမ်းနိုင်ခဲ့သော ရွေးကောက်ခံလွှတ်တော် အမတ်များက ၂၀၂၁ ဧပြီလတွင်ဖွဲ့စည်းခဲ့သည့် အစိုးရ - မြန်မာနိုင်ငံ၏ "အမျိုးသားညီညွတ်ရေးအစိုးရ (NUG)က ရိုဟင်ဂျာနှင့် အခြားတိုင်းရင်းသားများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်အတူ စစ်တပ်မှ အတင်းအဓမ္မအသုံးပြုခဲ့သည့် ဖြစ်စဉ်တစ်ခုအဖြစ် NVC ကို ဖော်ပြပြီး NVC ဖြစ်စဉ် "ဖျက်သိမ်းရေး"အတွက် သန္နိဋ္ဌာန်ကတိကဝတ်ကို ၂၀၂၁ ဇွန်လ ၃ ရက်တွင် ကြေညာခဲ့သည်။ NUG သည် ရိုဟင်ဂျာလူမျိုးအားလုံးအား နိုင်ငံသားအခွင့်အရေးအပြည့်အဝကို ထိထိရောက်ရောက် ပေးအပ် (သို့) ပြန်လည်ပေးအပ်မည့် "မြန်မာနိုင်ငံတွင် မွေးဖွားခြင်း (သို့) မြန်မာနိုင်ငံသား၏ သားသမီးအဖြစ် မည်သည့်နေရာတွင်မဆို မွေးဖွားခြင်း"ဟူသောအချက် အပေါ်အခြေခံပြီး နိုင်ငံသားဖြစ်မှုကို သေချာစေရန် ဆက်လက်ကတိပြုခဲ့ပါသေးသည်။

၂၀၂၁ စက်တင်ဘာလတွင် ရိုဟင်ဂျာလူ့အခွင့်အရေးကာကွယ်သူနှင့် ဒုက္ခသည်ခေါင်းဆောင် တစ်ဦးဖြစ်သူ မိုဟစ်ဘူလာသည် ရိုဟင်ဂျာအခွင့်အရေးကာကွယ်သည့် ၎င်း၏ လုပ်ငန်းများအတွက် ဘင်္ဂလာဒေ့ရှ်တွင် လုပ်ကြံသတ်ဖြတ်ခံခဲ့ရပါသည်။ ၂၀၁၉ မတ်လတွင် မိုဟစ်ဘူလာသည် ဂျနီဗာရှိ ကုလ လူ့အခွင့်အရေးကောင်စီတွင် စကားပြောကြားခွင့် ရရှိခဲ့ပါသည်။ ၎င်းက ကုလအဖွဲ့ဝင် နိုင်ငံများကို ပြောသည်မှာ -

> "ဆယ်စုနှစ်များတိုင်အောင် ကျွန်တော်တို့ဟာ မြန်မာနိုင်ငံမှာ စနစ်တကျကျူးလွန်တဲ့ ဂျီနိုဆိုက်နဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ သူတို့က ကျွန်တော်တို့အိမ်တွေကို မီးရှို့တယ်၊ ကျွန်တော်တို့မြေတွေကို သိမ်းယူတယ်၊ မိန်းမနှင့် မိန်းကလေးတွေကို အုပ်စုလိုက် မုဒိမ်းကျင့်ခဲ့ကြတယ်။ ထောင်ပေါင်းများစွာသော ကျွန်တော်တို့ကို (ရိုဟင်ဂျာတို့ကို) သတ်ဖြတ်ခဲ့ကြတယ်။ အခုတော့ ကျွန်တော်တို့ကို "ကုလား" (ဗမာဘာသာစကားတွင် ချိုးနှိမ်ခေါ်ဝေါ်သည့် အသုံး) ဆိုပြီး တံဆိပ်ကပ်ကြတယ်။ သူတို့က ကျွန်တော်တို့ကို "တရားမဝင်ဝင်ရောက်လာသူ"၊ "ဘင်္ဂလီ" (နှင့်) "မူဆလင် အကြမ်းဖက်"လို့ ခေါ်ကြတယ်။ ကျွန်တော်တို့က (သူတို့ခေါ်တာ) တစ်ခုမှ မဟုတ်ဘူး"။ ကျွန်တော်တို့က မြန်မာနိုင်ငံသားပါ။ ကျွန်တော်တို့က ရိုဟင်ဂျာပါ။"



ပိုလန်နိုင်ငံရှိ **Łódź** ဂျူးရပ်ကွက်တွင် ဂျာကင်အင်္ကျီပေါ် ချုပ်ထားသည့် ဒါဝိဒ်၏ ကြယ်နှင့် အမျိုးသားနှစ်ဦး။ Holocaust အတွင်းတွင် ဂျူးများသည် ၎င်းတို့၏ ဂျူး identity ကို မြင်သာသည့် သင်္ကေတအဖြစ် ဤတံဆိပ်များကို ဝတ်ဆင်ရန် အမိန့်ပေးခြင်းကိုခံခဲ့ရသည်။
©United States Holocaust Memorial Museum, courtesy of Dan Lenchner, 1942

# အဓိကအကြံပြုချက်များ

မြန်မာ့စစ်အာဏာသိမ်းအုပ်စုသည် မြန်မာနိုင်ငံရှိ ဖြစ်ပေါ်ဆဲ ဂျီနိုဆိုက်အပါအဝင် နိုင်ငံတကာ ရာဇဝတ်မှုများကို ကျူးလွန်လျက်ရှိပါသည်။ ဤအစီအရင်ခံစာသည် အောက်ပါအချက်များအပါဝင် အကြံပြုချက် ၁၉ ခုကို ပြုလုပ်ထားပါသည်။

- UN အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြန်မာစစ်တပ်မှ လက်နက်၊ ဘဏ္ဍာနှင့် ဝင်ငွေနှင့် နိုင်ငံရေးတရားဝင်မှုရှိနေမှုကို ငြင်းပယ်ကန့်ကွက်ရန် အရေးယူဆောင်ရွက်သင့်သည်။ နိုင်ငံတကာ စီးပွားရေးလုပ်ငန်းများအနေဖြင့်လည်း မြန်မာစစ်တပ်နှင့် ၎င်း၏ အပေါင်းအပါများဖြင့် ချိတ်ဆက်ဆောင်ရွက်မှုကို မည်သည့်နည်းနှင့်မဆို ရှောင်ရှားသင့်ပြီး အာဏာသိမ်းအုပ်စု၏ ရာဇဝတ်မှုတွင် ပူးပေါင်းပါဝင်သည်ဟု ယူဆရသော မည်သည့်လုပ်ငန်းကို မဆို သက်ဆိုင်ရာ တရားစီရင်ရေးတွင် တာဝန်ခံခိုင်းသင့်ပေသည်။
- UN အဖွဲ့ဝင်နိုင်ငံများ အထူးသဖြင့် အရှေ့တောင်အာရှနိုင်ငံများအသင်း၏ အဖွဲ့ဝင်နိုင်ငံများသည် မြန်မာနိုင်ငံရှိ ဖြစ်ပေါ်ဆဲ ရက်ဆက်ယုတ်မာသည့် ရာဇဝတ်မှုများကို အဆုံးသတ်၊ ကုသရန် အဖြေရှာဖြေရှင်းမှုနှင့်ပတ်သက်၍ အရပ်သားပြည်သူဦးဆောင်သော NUG အစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ၎င်းအားပစ္စည်းအကူအညီများပေးအပ်ခြင်းနှင့် လက်ရှိ နိုင်ငံတကာ တာဝန်ခံမှု ယန္တရားများကို အားပေးကူညီခြင်းများပြုလုပ်သင့်သည်။
- ပိုမိုကျယ်ကျယ်ပြန့်ပြန့်ဆိုရသော် UN အဖွဲ့ဝင်နိုင်ငံများသည် ရိုဟင်ဂျာဂျီနိုဆိုက်နှင့် မြန်မာနိုင်ငံတွင် စစ်တပ်မှ ကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအပါအဝင် အခြားရက်စက်ယုတ်မာသည့် ရာဇဝတ်မှုများကို တရားဝင်ဆုံးဖြတ်ချက်များမှ တဆင့် အများပြည်သူသိအသိအမှတ်ပြုသင့်သည်။
- UN အဖွဲ့ဝင်နိုင်ငံများသည် နိုင်ငံတစ်ခုချင်းစီအလိုက် ပြည်တွင်းယန္တရားနှင့် နိုင်ငံပေါင်းစုံ ညှိနှိုင်းဆောင်ရွက်ခြင်းများမှတဆင့် အစုလိုက်အပြုံလိုက် ရက်စက်ယုတ်မာသည့် ရာဇဝတ်မှုများကို တားစီးခြင်းနှင့် အဆုံးသတ်ခြင်းအပေါ် အလေးထားဆောင်ရွက်ရန် သက်ဆိုင်ရာဌာနများ ထူထောင်သင့်ပေသည်။ ထို့နည်းအတူ UN နှင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားရေး အဖွဲ့အစည်းများသည် အစုလိုက်အပြုံလိုက် ရက်စက်ယုတ်မာသည့် ရာဇဝတ်မှုများကို ခွဲခြားဖော်ထုတ်ရန် ဥပဒေဆိုင်ရာ ကျွမ်းကျင်သူများကို ခန့်အပ်ပြီး အရေးပေါ်တုံ့ပြန်မှုများကို အကြံပေးခြင်းနှင့် လူသားချင်းစာနာထောက်ရေးအဖွဲ့အစည်းများကို ကာကွယ်တားစီးခြင်းနှင့် ပတ်သက်၍ ပညာပေးခြင်းများ ပြုလုပ်သင့်ပေသည်။

# နည်းလမ်း (Methodology)

ဤအစီအရင်ခံစာသည် အတိတ်က ဂျီနိုဆိုက်များ၊ ရိုဟင်ဂျာ ဂျီနိုဆိုက်မှ လွတ်မြောက်နိုင်ခဲ့သူများ၏ ထွက်ဆိုချက်များ၊ မြန်မာ့အာဏာသိမ်းအုပ်စု၏ မှတ်တမ်းများနှင့် စစ်တပ် ကျောထောက်နောက်ခံ သတင်းများအပေါ် သတင်းအချက်အလက်ဆိုင်ရာခွဲခြမ်းစိတ်ဖြာမှု (Media Analysis) များမှ သမိုင်းကြောင်းဆိုင်ရာ သုတေသနကို အခြေခံထားပါသည်။

ဤအစီအရင်ခံစာအတွက် ပြုလုပ်ခဲ့သော သမိုင်းကြောင်းဆိုင်ရာ သုတေသနသည် Holocaust၊ Rwanda ဂျီနိုဆိုက်နှင့် မြန်မာနိုင်ငံရှိ ရိုဟင်ဂျာများအပေါ် ရိုက်ခတ်လျက်ရှိသော ဖြစ်ပေါ်ဆဲ ရက်စက်ယုတ်မာမှုများ အပေါ် တစ်ခုခြင်း လေ့လာစိတ်ဖြာချက်ကို တင်ပြထားပါသည်။

Fortify Rights သည် ၂၀၂၁ ဖေဖော်ဝါရီလနှင့် ၂၀၂၂ ဧပြီလကြား မြန်မာ၊ ဘင်္ဂလာဒေ့ရှ်နှင့် နိုင်ငံတကာရှိ ရိုဟင်ဂျာ ၂၃ ဦးအပါအဝင် နိုင်ငံတကာကယ်ဆယ်ရေးလုပ်သားနှင့် သုတေသီ ၅ ဦးတို့ကိုလည်း အင်တာဗျူးခဲ့ပါသည်။ Fortify Rights သည် အင်တာဗျူးအများစုကို ရိုဟင်ဂျာဘာသာစကားဖြင့် ပြုလုပ်ခဲ့ပြီး တချို့အခြေအနေများတွင် အင်္ဂလိပ်ဘာသာပြန်ဖြင့် ပြုလုပ်ခဲ့ပါသည်။ ဤအစီအရင်ခံစာအတွက် အင်တာဗျူးဖြေဆိုသူ မည်သူတစ်ဦးတစ်ယောက်မှ အခကြေးငွေ ယူခဲ့ခြင်းမရှိပါ။ ဖြေဆိုသူအားလုံးအား အင်တာဗျူးရည်ရွယ်ချက်၊ စိတ်လိုလက်ရဆောင်ရွက်မှုနှင့် မျှဝေခဲ့သည့် သတင်းအချက်အလက်များအား မည်သို့မည်ပုံ အသုံးပြုမည်ဖြစ်ကြောင်းကို အကြောင်းကြားခဲ့ပါသည်။ အင်တာဗျူးဖြေဆိုသူအားလုံးသည် အင်တာဗျူးမတိုင်မီ ၎င်းတို့၏ သဘောတူခွင့်ပြုချက်ကို ပေးအပ်ခဲ့ကြပါသည်။ အင်တာဗျူးဖြေကြားသူအားလုံး၏ အမည်၊ နေရပ်နှင့် မည်သူမည်ဝါဖြစ်ကြောင်းပါ အသေးစိတ်အချက်များကို လုံခြုံရေးအရ ဤ အစီရင်ခံစာတွင် ထိမ်ချန် (သို့) ပြောင်းလဲဖော်ပြ ထားပါသည်။

Fortify Rights သည် အာဏာသိမ်းအုပ်စု၏ လူမှုကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်ရှိ မောင်တောမြို့နယ် စီမံကိန်းနှင့် စီမံရေးရာ ဦးစီးဌာနနှင့် ရခိုင်ပြည်နယ်၊ စစ်တွေနှင့် ဘူးသီးတောင်ရှိ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့မှ ရုံးတွင်းမှတ်တမ်း ၅ ခုကို ရယူပြီး စိတ်ဖြာလေ့လာခဲ့ကြသည်။ အဆိုပါမှတ်တမ်းများသည် နိုင်ငံသားစီစစ်ရေး ဖြစ်စဉ်နှင့် ဆက်စပ်လျက်ရှိပြီး ၂၀၂၁ ဖေဖော်ဝါရီ ၁ ရက် အထ'မ'မြောက်သော စစ်အာဏာသိမ်းမှုနောက်ပိုင်းအချိန်ကို ရက်စွဲတပ်ထားပါသည်။

Fortify Rights သည် ဖေဖော်ဝါရီ ၂၀၂၁ မှ မတ်လ ၂၀၂၂ ကြား အင်္ဂလိပ်နှင့် မြန်မာ နှစ်ဘာသာဖြင့် ထုတ်ပြန်ခဲ့သည့် သတင်းများကိုလည်း ပြန်လည်သုံးသပ်ပြီး စိတ်ဖြာလေ့လာခဲ့သည်။

ဂျီနိုဆိုက်ကျူးလွန်သူများသည် ခွဲခြားဆက်ဆံခြင်း၊ လူ့ဂုဏ်သိက္ခာကျစေခြင်းနှင့် ကာကွယ်ထားပေးရသည့် အုပ်စုများအပေါ် အစုလိုက်အပြုံလိုက် အကြမ်းဖက်ခြင်းများကို ပြုလုပ်ရန် လူမျိုး၊အမည်စသည့် သက်သေခံ Identification မှတ်တမ်းများကို နှစ်ရှည်လများစွာ အသုံးပြုခဲ့ကြပါသည်။ ဤသည်မှာ ဂျူးပြည်သူများကို အစုလိုက်အပြုံလိုက် မီးလောင်တိုက်သွင်း သတ်ဖြတ်ခြင်း (Holocaust) ၊ တူဆီ (Tutsi) ပြည်သူများအပေါ် ကျူးလွန်ခဲ့သည့် Rwanda ဂျီနိုဆိုက်တို့နှင့် အလားတူ ကိစ္စရပ်ဖြစ်သလို မြန်မာနိုင်ငံရှိ ရိုဟင်ဂျာပြည်သူများအပေါ် ကျူးလွန်ဆဲ ဂျီနိုဆိုက်နှင့်လည်း အလားတူပင် ဖြစ်ပါသည်။



အမှည့်ခြွေဂျီနိုဆိုက်- ဂျူးလူမျိုးများအား အစုလိုက်အပြုံလိုက်မီးလောင်တိုက်သွင်း သတ်ဖြတ်ခြင်း (Holocaust)နှင့် ရဝန်ဒါနှင့် မြန်မာဂျီနိုဆိုက်များတွင် အမျိုး၊အမည်ဖော်ပြချက်ပါ သက်သေခံကဒ်ပြားများ၏ အခန်းကဏ္ဍ မည်သော ဤအစီရင်ခံစာသည် ဂျီနိုဆိုက် ၃ ခုကို နှိုင်းယှဉ်လေ့လာခြင်းနှင့် နိုင်ငံတကာ ရာဇဝတ်မှု ဂျီနိုဆိုက်ကို ကျူးလွန်ရန် လူမျိုး၊ အမည် သက်သေခံဖော်ပြချက်ပါ မှတ်တမ်းများအား အသုံးပြုခြင်းတို့ကို တင်ပြထားပါသည်။ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာပြည်သူများကို ဆက်လက် ပစ်မှတ်ထားလျက်ရှိသော မြန်မာ့စစ်အာဏာသိမ်းအုပ်စုနှင့် ပတ်သက်၍ သတင်းအချက်အလက်သစ် များကိုတင်ပြထားပြီး မြန်မာအာဏာသိမ်းအုပ်စု၏ ပြစ်ဒဏ်မှ လွတ်မြောက်နေမှုကို တားဆီးရန်၊ ကျူးလွန်သူများကို တာဝန်ခံစေရန်နှင့် ရိုဟင်ဂျာလူမျိုးများအပေါ် ဖြစ်ပေါ်ဆဲ ဂျီနိုဆိုက်ကို အဆုံးသတ်ရန် အသေးစိတ် အကြံပြုထားပါသည်။

FORTIFY
RIGHTS